**ISP** On Point 2026

OP2026-03 I May 5, 2026

# ရက် (၁၀၀) စီမံချက်

## မျှော်လင့်ချက်နှင့် လက်တွေ့မြေပြင်အခြေအနေ

ဦးမင်းအောင်လှိုင်အစိုးရ၏ ‘ရက် (၁၀၀) စီမံချက်’သည် ပြက်ပြက်ထင်ထင် မရှိလှပေ။ အုပ်ချုပ်နိုင်စွမ်း အကန့်အသတ်ရှိနေချိန်တွင် ထွက်ပေါ်လာသော ယင်းမူဝါဒများသည် ယေဘုယျဆန်ပြီး ခိုင်မာမှုမရှိသည့်အပြင် အရေးအကြီးဆုံးဖြစ်သော စီးပွားရေး နာလန်ထူစေမည့် အချက်များလည်း မပါဝင်ပေ။

OP2026-03 I May 5, 2026

# ရက် (၁၀၀) စီမံချက်

## မျှော်လင့်ချက်နှင့် လက်တွေ့မြေပြင်အခြေအနေ

## ဖြစ်ရပ်အချက်အလက်

ဦးမင်းအောင်လှိုင်အစိုးရက 'ရက်(၁၀၀)စီမံချက်'ကို ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှာ ကြေညာခဲ့ပါတယ်။ စီမံချက်ရဲ့နောက်ဆုံးရက်ကို ဇူလိုင်လကုန်အဖြစ် သတ်မှတ်ပါတယ်။ ဒီစီမံချက်မှာ အဓိက အပိုင်း နှစ်ပိုင်း ပါဝင်ပါတယ်။ ပထမတပိုင်းက ဝန်ကြီးဌာနအလိုက်ဆောင်ရွက်ရမယ့် စီမံချက်တွေဖြစ်ပြီး နောက်တပိုင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ သက်ဆိုင်တာဖြစ်ပါတယ် [ISP **ဒေတာအချက်အလက် ၃၈/၂၀၂၆** (ISP-DM2026-038) ကို ရှုပါ]။

## ကနဦးသုံးသပ်ချက်

ဦးမင်းအောင်လှိုင်အစိုးရရဲ့ 'ရက် (၁၀၀) စီမံချက်'ကို ရှုထောင့်သုံးခုကနေ သုံးသပ်ပါမယ်။ ပထမ အချက်က အဲဒီစီမံချက်မှာ **ခိုင်မာတဲ့ စီးပွားရေးမူဝါဒတွေ မပါပါဘူး**။ အာဏာသိမ်းမှု အကျိုးဆက် အဖြစ် ပျက်စီးနေတဲ့တိုင်းပြည်စီးပွားရေးကို အလျင်အမြန် ပြန်လည်နာလန်ထူလာစေဖို့ ခိုင်မာတဲ့ အစီအစဉ်မျိုးလည်း မတွေ့ရပါဘူး။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ အဆင်ပြေလာအောင်ကူစားပေး နိုင်မယ့် စီးပွားရေးစီမံကိန်း၊ စီမံချက်တွေ မပါပါဘူး။ ဥပမာ- အခြေခံကျတဲ့ ကုန်ဈေးနှုန်းမြင့်တက်မှု၊ ငွေကြေးဖောင်းပွမှုတွေကို ဘယ်လို တည်ငြိမ်အောင်လုပ်ပေးမယ်ဆိုတာမျိုး မပြောပါဘူး။ စီးပွားရေး လုပ်ငန်းတွေ လုပ်သာကိုင်သာရှိမယ့် အခင်းအကျင်းမျိုး၊ ဖြေလျှော့ပေးတာမျိုးတွေလည်း မပါပါဘူး။ ပုံမှန်ကြွေးကြော်နေကျ 'စိုက်ပျိုးရေးကို အခြေခံမည်'၊ 'ပြည်တွင်းဖြစ်ကို ထုတ်လုပ်အားပေးမည်'၊ 'ပြည်သူလူထုက ချွေတာရမည်' စတဲ့ ယေဘုယျဆန်တဲ့ ပြောဆိုချက်တွေပဲ လွှမ်းမိုးနေပါတယ်။ ဒုတိယအချက်ကတော့ ဒီစီမံချက်ဟာ **လွှမ်းခြုံနိုင်မှု အကန့်အသတ်ရှိပါတယ်**။ အစိုးရကို ဝန်ကြီးဌာန ၃၁ ခုနဲ့ဖွဲ့ခဲ့ပေမဲ့ 'ရက် (၁၀၀) စီမံချက်'က ဝန်ကြီးဌာနငါးခုလောက်ကိုပဲ လွှမ်းခြုံထားပါတယ်။ ဒါ့အပြင် စီမံချက်မှာပါတဲ့ လုပ်ငန်းစဉ်အားလုံးနီးပါးဟာ မြန်မာစစ်တပ် ထိန်းချုပ်ထားနိုင်တဲ့ဒေသတွေ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်)နဲ့ မြေပြန့်ဒေသအချို့ကိုပဲ ဗဟိုပြုထားပါတယ်။ ဒါဟာ ရွေးကောက်ပွဲလုပ်ခဲ့ တဲ့ဒေသတွေမှာပဲ အကောင်အထည်ဖော်ပေးမယ့်သဘောမျိုးပါပဲ။ လက်နက်ကိုင်ပဋိပက္ခ ဖြစ်နေတဲ့ ဒေသတွေနဲ့ တော်လှန်ရေးအင်အားစုတွေ ထိန်းချုပ်ထားတဲ့ နယ်မြေတွေ ချန်လှပ်ခံထားရပါတယ်။

# ရက် (၁၀၀) စီမံချက်နှင့် မှန်းချက်များ

ဦးမင်းအောင်လှိုင်အစိုးရကို ဝန်ကြီးဌာန ၃၁ ခုဖြင့် ဖွဲ့စည်းခဲ့သည်။ သို့သော် ၎င်းတို့လုပ်ဆောင်မည့် ရက် (၁၀၀) စီမံချက်၌ ပါဝင်သော မျှော်မှန်းချက်များမှာ ဝန်ကြီးဌာနငါးခုနှင့်သာ သက်ဆိုင်နေပါသည်။ ထို့အပြင် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍လည်း လွှမ်းခြုံနိုင်မှုမှာ အကန့်အသတ်ရှိနေပါသည်။

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

**လယ်ယာသုံးစက်ကိရိယာချေးငွေ**

ပထမအဆင့် - ကျပ်သိန်း ၃,၀၀၀

ဒုတိယအဆင့် - ကျပ်သိန်း ၃,၀၀၀ အထက်

**စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါအတွက်ချေးငွေ**

ကျပ် ၃၀၀,၀၀၀

**သီးနှံ ၁၈ မျိုးအတွက်ချေးငွေ**

ကျပ် ၂၅၀,၀၀၀

**ပန်းနှမ်း၊ ဆီမုန်ညင်းနှင့် ဂုန်လျှော်အတွက်ချေးငွေ**

ကျပ် ၁၅၀,၀၀၀

## ကျန်းမာရေးဝန်ကြီးဌာန

**လူ့စွမ်းအားအရင်းအမြစ်**

ခရိုင်မြို့နယ် ၅၀ တွင် ဒုတိယကျန်းမာရေးဦးစီးမှူးများ ခန့်အပ်မည်။

**နှလုံးရောဂါကုသမှု**

တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များတွင် လူတသိန်းကို နှလုံးရောဂါကာကွယ်ကုသမှုများ ပံ့ပိုးမည်။

**သူနာပြုပညာရေး**

သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်မည်။

## ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**လေကြောင်း**

အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်မှု အပြီးသတ်မည်။

**ရေကြောင်း**

ဆိပ်ကမ်းသို့လှောင်ရုံများ ဦးစားပေးတည်ဆောက်မည်။

**မီးရထား**

ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည် လမ်းပိုင်းများကို ချက်ချင်း အဆင့်မြှင့်မည်။ မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း လမ်းပိုင်းရှိ တံတားနှင့် ရထားလမ်းများကို ပြင်ဆင်ထိန်းသိမ်းမည်။ စက်ခေါင်းများ၊ တွဲများနှင့် စက်ရုံများကို အဆင့်မြှင့်တင်မည်။

**ဆက်သွယ်ရေး**

မိုဘိုင်းစခန်းသစ် ၂၇ ခု တိုးချဲ့ပြီး စခန်း ၉ ခုကို 4G LTE သို့ အဆင့်မြှင့်မည်။

## ပညာရေးဝန်ကြီးဌာန

**တက္ကသိုလ်ပညာရေး**

နေပြည်တော်အကယ်ဒမီ (Naypyitaw State Academy)၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကို သုတေသနအသားပေး စမ်းသပ်တက္ကသိုလ်များ (Pilot Universities) အဖြစ် သတ်မှတ်မည်။

**သင်ရိုးသစ်များ (၂၀၂၆-၂၀၂၇)**

အလယ်တန်းတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များ ထည့်သွင်းမည်။ ပြည်သူ့နီတိနှင့် စာရိတ္တပညာရပ်များကိုလည်း အခြေခံပညာကျောင်းများတွင် ထည့်သွင်းသင်ကြားမည်။

**ကျောင်းသားဖွံ့ဖြိုးရေး**

ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူးနှင့် ရှမ်းပြည်နယ်တို့တွင် ‘Smart School’ နှင့် ‘Football for School’ ရက် (၁၀၀) စမ်းသပ်စီမံကိန်းများ စတင်မည်။

**မူကြိုပညာရေး**

မူကြိုကျောင်းများ အဆင့်မြှင့်တင်မည်။

## သမဝါယမဝန်ကြီးဌာန

**ရေရရှိရေး**

ကျေးလက်ရေရရှိရေး ဆောင်ရွက်ပေးသွားမည်။

သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းတို့ကို ဆိုလာရေတင်စနစ်ဖြင့် လုပ်ဆောင်သွားမည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

**NCA ထိုးထားသော EAO များ**

လွန်ခဲ့သော ငါးနှစ်အတွင်း မတွေ့ဆုံဖြစ်ခဲ့သော (ဥပမာ- KNU, CNF, ABSDF) အဖွဲ့များကို ပြန်လည်တွေ့ဆုံရန် ဖိတ်ခေါ်သည်။ ပြည်ထောင်စုသဘောတူစာချုပ် ရရှိပြီးသော သဘောတူညီချက်များကို လွှတ်တော်သို့တင်ပြကာ အဆင့်လိုက် အကောင်အထည်ဖော်မည်။

**NCA မထိုးရသေးသော EAO များ**

ငြိမ်းချမ်းရေး သဘောတူစာချုပ်နှင့် ပတ်သက်၍ ဆွေးနွေးပွဲများ လာရောက်လုပ်ဆောင်ရန် တရားဝင် ဖိတ်ခေါ်သည်။

**PDF အဖွဲ့များ**

လက်နက်ချ ပူးပေါင်းရန် ဖိတ်ခေါ်သည်။ လက်ရှိတွင် ရာနှင့်ချီ၍ ဝင်ရောက်မှုများရှိနေပြီး ထပ်မံဝင်ရောက်လိုသူများကိုလည်း ကြိုဆိုသည်။

ရင်းမြစ် - ပြန်ကြားရေးဝန်ကြီးဌာန (၂၀၂၆ ခုနှစ်၊ ဧပြီ ၂၁ ရက်)၏ ထုတ်ပြန်ချက်များ။

တတိယအချက်က တရုတ်နိုင်ငံနဲ့ ပူးပေါင်းတာကို ပြသနိုင်ဖို့ ကြိုးစားတာဖြစ်ပါတယ်။ နှလုံးရောဂါကာကွယ်ကုသရေးမှာ **တရုတ်နိုင်ငံနဲ့ ပူးပေါင်းတာကို ထင်ထင်ရှားရှား ပြထားပါတယ်**။ ကုန်သွယ်ရေးနဲ့ အခြေခံအဆောက်အအုံပိုင်း (ဆိပ်ကမ်းသိုလှောင်ရုံတွေ၊ ရထားလမ်းပိုင်းတွေ) တိုးချဲ့လုပ်ဆောင်မယ်ဆိုတဲ့ အချက်တွေကလည်း ဒါကိုပဲရည်ညွှန်းနေပါတယ်။

တဖက်မှာတော့ **ဥပဒေသုံးပြီး ပိုမိုဖိနှိပ်လာမယ့် အခြေအနေတွေကိုလည်း မြင်ရပါတယ်**။ သတင်းမီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် စတာတွေနဲ့ပတ်သက်ပြီး အာမခံချက်ပေးပြောဆိုတာမျိုး မတွေ့ရပါဘူး။ လက်ရှိမှာ ပုံနှိပ်လုပ်ငန်းနဲ့ ထုတ်ဝေရေးလုပ်ငန်းတွေရဲ့ သုံးပုံတပုံပိတ်သိမ်းခံထားရပါတယ်။ သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေရေးလုပ်ငန်း ဥပဒေဆိုင်ရာငြိစွန်းတဲ့ပြစ်မှုတွေကိုလည်း (စစ်အုပ်ချုပ်ရေးဒေသတွေမှာဆိုရင်) စစ်ခုံရုံးနဲ့စီရင်မယ့် ပြစ်မှုစာရင်းထဲထည့်သွင်းထားဆဲဖြစ်ပါတယ်။ ဒါ့အပြင် အာဏာသိမ်းကာလတလျှောက် ပြည်သူတွေကိုချုပ်နှောင်ဖို့ လက်နက်သဖွယ်အသုံးချခဲ့တဲ့ နိုင်ငံရေးပုဒ်မတွေကိုလည်း ပယ်ဖျက်ထားခြင်း မရှိသေးပါဘူး။ လွှတ်တော်မခေါ်ခင် အသစ်ပြဋ္ဌာန်းခဲ့တဲ့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေတွေက ပြည်သူ့လုံခြုံရေးကို ကန့်သတ်ထားတဲ့ သာဓကတွေပဲ ဖြစ်ပါတယ်။

## ■ ဖြစ်တန်ခြေ အကဲဖြတ်ချက်

ဦးမင်းအောင်လှိုင်အစိုးရဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်နေပါတယ်လို့ရော ရွေးကောက်ခံအစိုးရတရပ် ဖြစ်ပါတယ်လို့ပါ ပြောဖို့ ကြိုးစားနေပါတယ်။ ဒါကြောင့်ပဲ 'ရက် (၁၀၀) စီမံချက်'လို မူဝါဒတွေဟာ ပြယုဂ်အားဖြင့် အရေးကြီးနေပါတယ်။ စီမံချက်ထဲမှာ ကဏ္ဍအလိုက် ကတိပေးထားတာတွေကို တခုချင်းစီသီးခြားခွဲကြည့်ရင် ဖြစ်နိုင်ခြေတချို့ ရှိပါတယ်။ တချို့လုပ်ငန်းတွေဟာ စစ်ကောင်စီလက်ထက်ကတည်းက အကောင်အထည်ဖော်လက်စတွေပါပဲ။ လက်တွေ့မြေပြင်မှာတော့ စိန်ခေါ်မှုတွေဆက်ရှိနေပါတယ်။ စီးပွားရေးထောက်တိုင်တွေ ယိုင်နဲ့ပြိုလဲနေတာအပြင် လက်နက်ကိုင်ပဋိပက္ခတွေလည်း ကျယ်ပြန့်နေဆဲ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ ပြန်လည်ဝင်ဆံ့နိုင်ဖို့ကလည်း ခရီးမပေါက်သေးပါဘူး။ ဦးမင်းအောင်လှိုင်အစိုးရရဲ့ 'ရက် (၁၀၀) စီမံချက်'ဟာ ပြက်ပြက်ထင်ထင်မရှိလှပါဘူး။ အုပ်ချုပ်နိုင်စွမ်း အကန့်အသတ်ရှိနေချိန်မှာ ထွက်ပေါ်လာတဲ့ ဒီမူဝါဒတွေဟာ ယေဘုယျဆန်ပြီး ခိုင်မာမှုမရှိပါဘူး။ အရေးကြီးဆုံးဖြစ်တဲ့ စီးပွားရေး နာလန်ထူစေမယ့် အချက်တွေလည်း မပါပါဘူး။ ကဏ္ဍအနည်းငယ်ကိုသာ ဇဟိုပြုထားတဲ့ ဒီကတိတွေကို သုံးလအတွင်း တတိုင်းပြည်လုံးလွှမ်းခြုံနိုင်အောင် အကောင်အထည်ဖော်ဖို့ဆိုတာ ဖြစ်နိုင်ဖို့ခက်ပါလိမ့်မယ်။ ■